ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (20-7-2008) (၅၇၄၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး စက်ယန္တရားများ စွမ်းအားပြည့်ထိရောက်စွာအသုံးချ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် အခြားလုပ်ငန်းများကို ယခင်ထက် တိုးချဲ့လုပ်ကိုင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ငပုတောနှင့်ဟိုင်းကြီးကျွန်းမှ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၁၉

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ လိုက်ပါလျက် ပုသိမ်မြို့ ပန်းခြံဆိပ်ကမ်းမှ ရေယာဉ်ဖြင့်ထွက်ခွာလာရာ ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ငပုတောမြို့နယ်သို့ ရောက်ရှိကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ငပုတောမြို့နယ် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ရွှေမြင်းတင်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်ကိုကိုသည် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်က ငပုတောမြို့နယ်၏ နယ်မြေဒေသ ဖွံ့ဖြိုးရေးအခြေအနေ၊ မြို့တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကိုကိုက ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် စွမ်းအားပြည့် ထိရောက်စွာ အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**

ယနေ့ ဆောင်းပါးအညွှန်း

“အနောက်က ကျွန်စော်နံတဲ့ မီဒီယာတွေ မည်မျှပင် နှောင့်ယှက်ပါစေ၊ အဲဒီအဖျက်မီဒီယာတွေကို နောကျေနေပြီဖြစ်တဲ့ မြန်မာတို့အဖို့တော့ မိမိတို့ရဲ့ နိုင်ငံတော်ကောင်းကျိုး၊ မိမိတို့ အမျိုးသားအကျိုးစီးပွားကို ဆက်လက်ရယူနေမှာဖြစ်ပါတယ်။”

တက္ကသိုလ်မြတ်သူ၏ “မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို ‘နှဲ့’ နိုင်စွမ်းမရှိတဲ့ ကိုလိုနီစော်နံ မီဒီယာများ(၂)”

(ဆောင်းပါး) စာမျက်နှာ-၆

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးရှင်းလင်းပွဲ မအူပင်ခရိုင်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ဧရာဝတီတိုင်း မအူပင်ခရိုင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မအူပင်မြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးစိန်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက ဧရာဝတီတိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး(ငှက်ဖျား) ဒေါက်တာသန်းဝင်းက ရွာလုံးကျွတ်၊ မြို့နယ်လုံးကျွတ် သောက်ရေ၊ သုံးရေများတွင် ပိုးလောက်လမ်းသတ်ဆေး (Abate)ခတ်၍ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းစီမံချက် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူးက နေ့ကလေးထိန်းကျောင်းများတွင် ခြင်ထောင်နှင့်လိုက်ကာများ ဆေးစိမ်ရန်အတွက် ပိုးသတ်ဆေးများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့ အမှတ်(၃)ရပ်ကွက်အတွင်း သောက်ရေ၊ သုံးရေများတွင် ပိုးလောက်လမ်းသတ်ဆေး(Abate) ခတ်၍ ပိုးလောက်လမ်းနှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေမှု၊ စာသင်ကျောင်းများတွင် ပိုးသတ်ဆေးမှုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၂၀-၇-၂၀၀၈
(တနင်္ဂနွေနေ့)

ယာဉ်အန္တရာယ် ကင်းဝေးစေရေး သတိပြုဆင်ခြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာမောင်းနှင်

ယခုအခါ ရန်ကုန်မြို့၏မြို့တွင်းမြို့ပြင်ဆက်သွယ်သွားလာရေး လမ်းများကျယ်ဝန်းပြီး ကောင်းမွန်လျက်ရှိရာ မော်တော်ယာဉ်များ မိုင်နှုန်းမြင့် မောင်းနှင်လာကြသည်။ အချို့သော ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်တစ်စီးနှင့်တစ်စီးအပြိုင်အဆိုင်လမ်းကြော လုမောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း တွေ့မြင်နေရသည်။

ယာဉ်တိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူ၊ အသက်ဆုံးရှုံးရသူများရှိရာ လူမှုရေးအရထိခိုက် နစ်နာမှုများရှိသကဲ့သို့ စက်ကိရိယာပစ္စည်းပိုင်းဆိုင်ရာ ဆုံးရှုံးမှုများနှင့်လည်း ကြုံတွေ့ကြရသည်။

ယာဉ်တိုက်မှုများကို လေ့လာကြည့်ပါက ယာဉ်မောင်းသူများ၏ ပေါ့ဆမှု၊ စက်ကိရိယာချွတ်ယွင်းမှု၊ လမ်းကူးသူများ၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားကြောင်းတွေ့ရသည်။ ယင်းတို့အနက် ယာဉ်မောင်းများ၏ ပေါ့ဆမှုနှင့် မဆင်မခြင် မောင်းနှင်မှုကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုမှာ အများဆုံးဖြစ်ကြောင်းသိရသည်။ ၂၀၀၇ ခုနှစ်အတွင်းက မဆင်မခြင် မောင်းနှင်မှု ၅၀၀ ကျော် အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ယာဉ်တိုက်မှုပေါင်း ၉၀၀ ကျော် ဖြစ်ပေါ်ခဲ့ရာ ထိခိုက်ဒဏ်ရာရသူ ၁၅၀၀ ကျော်နှင့် သေဆုံးသူတစ်ရာကျော်ရှိကြောင်း သိရသည်။

ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှုလုပ်ငန်းများကို ယခုထက် ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းနှင်ရေး၊ မူးယစ်သောက်စားပြီးမမောင်းရေး၊ မြို့တွင်း၊ မြို့ပြင်သတ်မှတ်မိုင်နှုန်းများနှင့်အညီ မောင်းနှင်ရေး ကြပ်မတ်စစ်ဆေးကြရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့၏ ယာဉ်များ စက်ကိရိယာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုမရှိစေရေး အလေးထားပြုပြင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

မော်တော်ယာဉ်မောင်းနှင်သူတိုင်းက သတ်မှတ်ယာဉ်စည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆင်ခြင် မောင်းနှင်ခြင်း၊ ခရီးသွားပြည်သူများ၊ အနေ့းယာဉ်များကလည်း လမ်းစည်းကမ်းများကို အလေးထား လိုက်နာဆောင်ရွက်သွားကြခြင်းဖြင့် ယာဉ်တိုက်မှု လျော့နည်းကျဆင်းသွားမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏တောင်ဘက်စောင်းတန်းတော်အတွက် အင်းစိန်မြို့နယ်အရှေ့ကြို့ကုန်းရပ်ကွက်၅လမ်း(မြောက်)နေ(ဦးသန်းဌေး)-ဒေါ်မြသွင်၊ သားညီညီသန့်၊သမီးမလဲ့လဲ့ဌေး၊ဦးမြင့်ထွေး၊ဆရာမဒေါ်ညို စိန်မိသားစုက အလှူငွေကျပ်၅၀၀၀၀၊ အင်းစိန် မြို့နယ် အရှေ့ကြို့ကုန်း ၅လမ်း(မြောက်)နေ နှစ်ဖက်သောမိဘများအားအမှူးထား၍ကိုမင်းမင်း သန့်၊ မမြသူဇာ၊သားမောင်လင်းသန့်မိသားစုက အလှူငွေကျပ် ၅၀၀၀၀၊ ဦးရွှေရီ၊ ဦးသီဟအား ရည်စူး၍ ဒေါ်သိန်း ညွှန့်မိသားစုကအလှူငွေကျပ် ၁၀၀၀၀စုစုပေါင်းအလှူငွေကျပ်၁၁၀၀၀၀ကိုလှူဒါန်းရာ ဂေါပကအဖွဲ့ ဝင် ဦးအေးမြင့်၊ ဦးမောင်လှိုင်နှင့် ဦးထွန်းတို့လက်ခံယူစဉ်။ (က-ပ)

ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ အင်းစိန်(၁၄)ကြိမ်မြောက်ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲတွင် အဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား ဝါဆို သင်္ကန်း၁၂စုံနှင့်နေ့ဆွမ်းဆက်ကပ်၍ပရိသတ်များအားဧည့်ခံကျွေးမွေးရန် အတွက် သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)-ဒေါ်နန်းခမ်းဆာ မိသားစုက အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀ အဖွဲ့နာယကများ လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအား ဂုဏ်ပြုပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တက်ရောက်

ရန်ကုန် ဇူလိုင် ၁၉

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းလေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်တိုင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁၈ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ဧရာဝတီ တိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်တိုင်းမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအား ဂုဏ်ပြုပွဲ တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အစီအစဉ်အရ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက၊ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က ဂုဏ်ပြုစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်အားပေးအဖွဲ့ခေါင်းဆောင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဦးမျိုးမင်းသိန်းက ပါဝင်ကူညီ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွက် ငွေကျပ် ၁၀ သိန်း တို့ကို ပေးအပ်ရာ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် လုပ်အားပေးအဖွဲ့ခေါင်းဆောင်များက လက်ခံကြသည်။ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များသည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူကျေးရွာ၊ ဆင်ခြေရာကျေးရွာ၊ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာများ၌လည်းကောင်း၊ ရန်ကုန်တိုင်း ကော့မှူးမြို့နယ်၌လည်းကောင်းပြန်လည် ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ တွင် ပါဝင်လုပ်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီးဒေါက်တာ ဒေါ်စန္ဒာအောင်တို့အား အမှူးထား၍ ပညာရေးဝန်ကြီးဌာန မိသားစု၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနား မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာလယ်တီစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုန္ဒာဝုဓ အမှူးပြုသော ကန်နားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒက၊မရမ်းမြိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီးဒေါက်တာ ဒေါ်စန္ဒာအောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသောဦးမျိုးညွှန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များ မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာလယ်တီစံ ကျောင်း တိုက် ဆရာတော် ဘဒ္ဒန္တ ကုန္ဒာဝုဓ ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူ ဆောက်တည်ကြပြီးဆရာတော်၊သံဃာ တော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် တော်မူကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဇနီး၊ ဒုတိယ ဝန်ကြီးများနှင့်တာဝန်ရှိသူများကဆရာ တော်၊သံဃာတော်များအားဝါဆိုသင်္ကန်း နှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ် လှူဒါန်းကြပြီးမဟာလယ်တီစံကျောင်း တိုက် ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားတော်နာယူကြပြီး ပရိသတ်တို့ကလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာ တော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးလိမ္မာ လူရွှယ်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတ ဇေတဝန်တောရ၊ ဆေကိန္ဒာရာမ ကျောင်းတိုက်၌ အသက် ၁၆နှစ်မှ ၂၅နှစ် အထိ ကျောင်းသားကျောင်းသူ လူငယ်လူရွှယ်များအတွက် ယဉ်ကျေးလိမ္မာ လူရွှယ်တရားစခန်းကို ဇူလိုင် ၂၅ရက်မှ ဇူလိုင် ၂၈ ရက်အထိ ဖွင့်လှစ်မည် ဖြစ်ပြီး တရားစခန်းသို့ ညနေ ၂ နာရီ အရောက်လာကြရန်မည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူများသည် ဓာတ်ပုံနှစ်ပုံနှင့်ကျောင်းသား ကတ်(သို့) မှတ်ပုံတင်မိတ္တူတစ်စောင်တို့ဖြင့် ဦးသိန်းဝင်း-ဖုန်း-၅၄၀၀၉၂၊ ဦးလှကြည် ဖုန်း-၂၄၆၇၈၈ လိုင်းခွဲ(၃၀)၊ ဇာနည်ညီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ရှိုင်းဟုပ်ကုမ္ပဏီ-၀၉၅၁၇၉၇၄၉၊၀၉၅၀၀၄၅၈၅၊ဓမ္မဒူတကျောင်း (မှော်ဘီ) ဖုန်း-၆၂၀၅၂၀၊ ဦးမျိုးမြင့်(ပဲခူး)ဖုန်း၀၅၂-၂၂၁၃၆နှင့် ဒေါ်မြမြဆွေ (နယ်မြို့များ)၀၉၅၀၂၁၄၈၉တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဓာတ်မြေသြဇာအထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဓာတ်မြေသြဇာစက်ရုံများ၏ ဓာတ်မြေသြဇာအထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ ရက်တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ ဓာတ်မြေသြဇာစက်ရုံသစ်များတည်ဆောက်ရေး စီမံကိန်းညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကား ပြောကြားရာ၌ သီးနှံများ အထွက်တိုးရေးအတွက် ဓာတ်မြေသြဇာမှာ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ဓာတ်မြေသြဇာကို စက်ရုံအလိုက် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ စက်ရုံများ စွမ်းအားပြည့် လည်ပတ်ရေးတို့ကို မှာကြားသည်။

ထို့နောက် စက်ရုံမှူးများက စက်ရုံများလည်ပတ်ထုတ်လုပ်နေမှု၊ ပြုပြင်ဆောင်ရွက်မှု အခြေအနေနှင့် ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဓာတ်မြေသြဇာစက်ရုံအသစ်များတည်ဆောက်နေသည့် စီမံကိန်းညွှန်ကြားရေးမှူးများက စီမံကိန်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်နိုင်ရေး၊ စက်စွမ်းအားပြည့် လည်ပတ်ရေး၊ အလေအလွင့် ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည်များကို ဖြည့်စွက်တင်ပြဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးက စက်ရုံများအနေဖြင့် ဓာတ်မြေသြဇာထုတ်လုပ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တည်ဆောက်ဆဲ ဓာတ်မြေသြဇာစက်ရုံများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဓာတ်မြေသြဇာစက်ရုံများ၏ ဓာတ်မြေသြဇာအထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ရန်ကုန်မြို့ တာမွေမြို့နယ် ၁၄၅ လမ်းနေ ဦးထွန်းလွင်-ဒေါ်သန်းသန်း၊ သား ဝင်းနိုင်ထွန်း၊ သမီး ဖြူဖြူကျော်၊ ရွှေသဲပို၊ ရွှေသဲချို (T&T စတိုး) မိသားစုက ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန်လမ်းမ၊ မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်အတွင်း သုံးထပ်ဆွမ်းစားကျောင်းအတွက် အလှူငွေကျပ် သိန်းတစ်ရာကို ဦးစီးပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ရွှေမန်း ဦးသူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီးရှိ ဧရာဝတီမြစ်ကျော် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၄၇) တိုင်အသစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တာဝါတိုင်အသစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၆ ရက်တွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီးရှိ 230KV (လှိုင်သာယာ-အသုတ်) ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် T-147 (Tension Tower)တိုင်အသစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဧရာဝတီမြစ်ကမ်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တာဝါတိုင်အနီး ရှင်းလင်းခန်းမ၌ ဝန်ကြီးနှင့် အဖွဲ့အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်း မန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်က ဧရာဝတီမြစ်ကျော် 230KV မဟာဓာတ်အားလိုင်း တာဝါတိုင်အသစ်ကို အမြင့် ၃၀၂ပေ တည်ဆောက်ခြင်းနှင့် တိုင်တပ်ဆင်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးအေးသော်က တာဝါတိုင်အသစ် တည်ဆောက်ခြင်း အဆင့်(၁၄)ဆင့် သတ်မှတ်ကာ အောက်ခြေထည် အဆင့်(၉)ဆင့်အထိ တပ်ဆင်ပြီးစီးမှုနှင့် အထက်အမြင့်ပိုင်း အဆင့်များကို ကျွမ်းကျင်လုပ်သားများဖြင့်ဆက်လက်တပ်ဆင်ခြင်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း)စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က တာဝါတိုင်အသစ် တပ်ဆင်ခြင်း လုပ်ငန်းကို သတ်မှတ်ရက်အတွင်း စနစ်တကျ ပြီးမြောက်အောင်မြင်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ရှင်းလင်း တင်ပြမှုများအပေါ် ဝန်ကြီးက တာဝန်ရှိသူတို့အား မှာကြားပြီး တိုင်ဆင်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိမ်းလန်းသာယာ ကျန်းမာသန့်ရှင်းသော ကျောင်းများအဖြစ်ဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ပန်းဘဲတန်းမြို့နယ်လုံးကျွတ်စိမ်းလန်းသာယာ ကျန်းမာသန့်ရှင်းသော ကျောင်းများအဖြစ် ဆောင်ရွက်ခြင်းကို ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသန့်ရှင်းရေးသုံး ပစ္စည်းများကို မြို့နယ်အတွင်းရှိ အခြေခံကျောင်းများအားလုံးသို့ ပေးအပ်**(အပေါ်ပုံ)**ကာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းယုမြင့်ကပေးအပ်သည့် အဆိုပြုလွှာအစောင် ၁၁၀၀ ကို လက်ခံရယူသည်။ ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ် ပညာရေးမှူး ဦးတင်စောတို့က စိမ်းလန်းသာယာ ကျန်းမာသန့်ရှင်းသော ကျောင်းများအဖြစ် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဥက္ကဋ္ဌနှင့်အဖွဲ့က ကျောင်းစိမ်းလန်းစိုပြည်ရေးအတွက် ကံ့ကော်ပင်စိုက်ပျိုးပြီး ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနှင့် ကျောင်းသား၊ ကျောင်းသူများ ခြင်၊ ဆေးလိပ်၊ အမှိုက်ကင်းစင် သရုပ်ပြမှုကို လှည့်လည်ကြည့်ရှုသည်။

(၁၉)

✻ ရှေ့ဖုံးမှ

✻ ရှေ့ဖုံးမှ

အခြားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုများကိုယခင်ကထက် တိုးချဲ့လုပ်ကိုင်စေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့တွင်းကတ္တရာလမ်းများ ခင်းကျင်းထားမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်ကိုကိုသည် ဆေးရုံ၌ ဆေးဝါးတက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံ၏ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာထင်လင်းက လိုက်လံရှင်းလင်းတင်ပြသည်။

အဆိုပါ တိုက်နယ်ဆေးရုံကို ၂၀၀၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး (၁၆)ခုတင်ဆံ့ ဆေးရုံဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား၊ကျောင်းသူများ၏ ပညာသင်ကြားမှုအခြေအနေနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိပြီး ဟိုင်းကြီးကျွန်းမြို့ ပြန်လည်ပြုပြင်တည်ဆောက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ဟိုင်းကြီးကျွန်းတိုက်နယ် (၁၆)ခုတင်ဆံ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ပြီး လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပမ္မဝတီစေတီရိပ်သာခန်းမ၌ ဟိုင်းကြီးကျွန်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကြရာ တာဝန်ရှိသူများက ဟိုင်းကြီးကျွန်းမြို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဟိုင်းကြီးကျွန်းတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ဟိုင်းကြီးကျွန်းဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးမှုအခြေအနေ၊ နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများ၏ ကူညီပံ့ပိုးမှုများဖြင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက ဟိုင်းကြီးကျွန်းဒေသသည် နိုင်ငံတော်၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၊ကုမ္ပဏီလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခုအခါ မူလကဲ့သို့ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဒေသ၏ စီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကိုကိုသည် ဟိုင်းကြီးကျွန်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထိပ်ရှိ ဗုဒ္ဓဝါဒူက စေတီတော်အတွက် ထာဝရပဒေသာပင် ကျပ်နှစ်သိန်းနှင့် သူတော်စင်များ ကျောင်းဆောင်ဆောက်လုပ်ခြင်း၊ရေစက်ချအမျှဝေခြင်းတို့အတွက် ငွေကျပ်ကိုးသိန်း စုစုပေါင်းငွေကျပ် ၁၁ သိန်းကို အနော်ရထာလမ်းနေ ကွယ်လွန်သူများဖြစ်ကြသော ဦးဟုတ်လှိုင်၊ဒေါ်ကျင်စိန်၊ သား မောင်အောင်ဝင်း၊ မောင်အတူးတို့အား ရည်စူးလျက် ဦးမြင့်ဦးနှင့် ညီအစ်ကိုမောင်နှမများက စေတီတော်ပဓာနနာယက အဘိဓမ္မာတောင်သာ သမားတော်ကြီးသုခမိန်ဆရာကြည်၊ နာယက ဦးစံလွင်နှင့် ဥက္ကဋ္ဌ ဦးမြအောင်တို့ထံ ဇူလိုင် ၁၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

ဆုထူးပန် အဘိဓမ္မာသင်တန်းခွဲ ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် ကေတုမာလာရိပ်သာရှိ စေတနာလမ်း သာသနာ့ရောင်ခြည် ရောင်ခြည်ဓမ္မာရုံဂေါပကအဖွဲ့နှင့် ဆုထူးပန် အဘိဓမ္မာထွန်းကားပြန့်ပွားရေး အသင်းတို့ပူးပေါင်း၍ အဘိဓမ္မာနှင့် အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်)သင်တန်းများကို ဇူလိုင် ၂၇ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဆုထူးပန် အဘိဓမ္မာထွန်းကားပြန့်ပွားရေးအသင်းမှ ဝါရင့် ဆရာ၊ ဆရာမများက **“ပြောသလောက်မခက်၊ ခက်သလောက်လွယ်အောင်”** ခေတ်မီသင်္ကေတနည်းစနစ်ဖြင့် အပတ်စဉ် ကြာသပတေး၊ သောကြာနေ့တိုင်း ညနေ ၆ နာရီမှ ၈ နာရီအထိ ဓမ္မဒါန ပို့ချပေးမည်ဖြစ်ရာ အဘိဓမ္မာကို သင်ယူတတ်မြောက်လိုသူများ ဖွင့်ပွဲနေ့မှစတင်၍ တက်ရောက်နိုင်ကြကြောင်း သိရသည်။ (က-ပ)

ကျမ်းစာများ ဓမ္မဒါန လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၉

ပါဠိနှင့်မြန်မာစာပေများ ရေး၊ ဖတ်၊ စပ်လိုသူများနှင့် မှတ်ကျင့်လိုသူများအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ဘုရားဖြူကျောင်းတိုက်မှ ဘဒ္ဒန္တ ဉာဏာဘိဝံသ၏ ကဝိလက္ခဏာမှတ်စုနှင့် ဗျာကိဏ္ဏမှတ်စု သုတပဒေသာကျမ်းစာများကို ဓမ္မဒါနလှူဒါန်းလိုပါက သစ္စာမဏ္ဍိုင်ပိဋကတ်စာပေတိုက် တောင်ဘက်စောင်းတန်း ရွှေတိဂုံစေတီတော် ရန်ကုန်မြို့ ဖုန်း- ၃၈၇၈၄၉၊ ၀၉၅၁၂၅၂၈၅၊ ၀၉၅၀ ၆၀၈၄၅ နှင့် အနန္တသုခပိဋကတ်စာအုပ်ဆိုင် အမှတ်(၇၇/၇၉) နှင်းဆီ(ဘီ)ရုံ ပထမထပ် ဈေးချို မန္တလေးမြို့တို့၌ ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အနောက်တိုင်းကလေးငယ်များနှင့် နှိုင်းစာလျှင် စင်ကာပူကလေးငယ်များ အိပ်ချိန်နည်းပါးကြောင်း တွေ့ရ

စင်ကာပူ ဇူလိုင် ၁၈

စင်ကာပူနိုင်ငံရှိ နို့စို့အရွယ်ကလေးငယ်နှင့် ပြေးတတ်ခါစအရွယ် ကလေးငယ်များ၏ ပျမ်းမျှအိပ်စက်ချိန်သည် ဥရောပနိုင်ငံများရှိ ကလေးငယ်များ၏ ပျမ်းမျှအိပ်စက်ချိန်ထက် လျော့နည်းနေသည်ကို တွေ့ရှိရကြောင်း လေ့လာတိုင်းတာချက်တစ်ခုအား ကိုးကား၍ ဇူလိုင် ၁၄ ရက်ထုတ် စထရိတ်တိုင်းသတင်းစာက ဖော်ပြသည်။

ထိုလေ့လာချက်ကို အာရှပစိဖိတ်ကလေးသူငယ်အိပ်စက်ချိန် လေ့လာရေးဌာနက ကလေးငယ်များ၏ မိဘ ၃၀၀၀၀ ကျော်တို့ကို မေးမြန်းလေ့လာရာမှ ဖော်ထုတ်သိရှိခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံမှ ကလေးမိဘများအနေဖြင့် ညအိပ်ချိန်၌ ဟောက်ခြင်း စသည့် အလေ့အထမှာ အာရှရှိ အခြားကလေးမိဘများနှင့် အတူတူပင်ဖြစ်ကြောင်း တွေ့ရသည်။

အနောက်နိုင်ငံများမှ ကလေးငယ်များ၏ ပုံမှန်အိပ်ရာဝင်ချိန်မှာ ည ၈ နာရီခွဲဖြစ်သော်လည်း စင်ကာပူကလေးငယ်များ၏ အိပ်ရာဝင်ချိန်မှာ ည ၉ နာရီ ၄၅ မိနစ်ဖြစ်သည်။ စင်ကာပူကလေးငယ်များ အဘယ်ကြောင့် အိပ်စက်ချိန် နည်းရသည်ကို မိမိတို့မသိရသေးဟု လေ့လာမှုတွင် ပါဝင်သူ ဒေါက်တာဒယ်နီရယ်ဂိုက ပြောကြားသည်။

အာရှကလေးငယ်အများအပြားသည် အိပ်ခန်းသီးခြားမရှိဘဲ မိဘများနှင့် အတူ အိပ်စက်လေ့ရှိသည်။ ထိုအချက်သည်လည်း အိပ်ရာဝင်ချိန် နောက်ကျရခြင်းနှင့် ဆက်စပ်မှုရှိသည်ဟု ၎င်းကဆိုသည်။

အင်တာနက်

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကံပြားကြီးကျေးရွာ ဆွန်ကုန်းရပ် စန်းဂုဏ်ရောင်ကျောင်းတိုက်အတွင်း၌ သုခကာရီ ကမ္မဋ္ဌာန်းကျောင်း တည်ဆောက်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် မေဓာဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကို ရှိန်း+သမီး မမိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေး မိသားစု)တို့က အလှူငွေကျပ် ငါးသိန်းခွဲကို နာယကဆရာတော် ဦးစန္ဒောဘာသ(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၆၇)

သယ်န်းကျွန်းမြို့နယ် စံပြ/စီမံကိန်းရပ်ကွက် သာသနာ့အလင်းရောင် ပရိယတ္တိစာသင်တိုက် (၃၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့က ကျင်းပရာ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသထံ အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၅၀၆)

ပဋ္ဌိစ္စသမုပ္ပာဒ်အထူးသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တဝိမလဗုဒ္ဓိ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက မိုးကုတ်ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယကနှင့် ကမ္မဋ္ဌာနာစရိယ အောင်စကြာ အရှင်စန္ဒသိရီ (ဓမ္မာစရိယ) ကိုယ်တိုင် ပဋ္ဌိစ္စသမုပ္ပာဒ် အထူးသင်တန်းကို အခြေခံမှစ၍ ပို့ချပေးမည်ဖြစ်သဖြင့် ဓမ္မကထိကဖြစ်လိုသော သံဃာတော်များနှင့် ယောဂီပုဂ္ဂိုလ်များသည် ဝါခေါင်လဆန်း၁ရက်မှ ၅ရက်(ဩဂုတ် ၂ရက်မှ ၆ရက်)၊ ဝါခေါင်လပြည့်ကျော် ၁ရက်မှ ၄ရက် (ဩဂုတ် ၁၇ရက်မှ ၂၀ရက်)၊ တော်သလင်းလဆန်း ၁ရက်မှ ၅ရက် (ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၄ရက်)၊ တော်သလင်းလပြည့်ကျော် ၁ရက်မှ ၅ရက် (စက်တင်ဘာ ၁၅ရက်မှ ၁၉ရက်)၊ သီတင်းကျွတ်လဆန်း ၁ရက်မှ ၅ရက်(စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၄ရက်) နေ့များအထိ တက်ရောက်သင်ကြားနိုင်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၇၀၂၈၊ ၀၉၅၁၄၇၃၈၂နှင့် ၀၉၈၀၃၁၃၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆက်ကပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ နေပြည်တော်ပျဉ်းမနားရှိ သုဓမ္မာမေဒနီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးထံ ဆွမ်းဆန်တော်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြစဉ်။

(ပို့ဆောင်ရေး)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး သီလရှင်စာသင်တိုက်များသို့ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီသည် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၄ရက်တွင် နေပြည်တော်ပျဉ်းမနားရှိ သုဓမ္မာမေဒနီ သီလရှင်စာသင်တိုက်သို့ သွားရောက်ကြပြီး စာသင်တိုက်ကြီးတွင် သာသနာ့တာဝန်များထမ်းဆောင်လျက်ရှိသော သီလရှင်ဆရာကြီး၊ ဆရာလေးများအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် သီလရှင်ဝတ်စုံ နှင့် နဝကမ္မ အလှူငွေများကို သီလရှင်ဆရာကြီး ဒေါ်က္ကဒစာရီထံ ပေးအပ်လှူဒါန်းပြီး ဆက်လက်၍ သန္တာရာမ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြပြီး စာသင်တိုက်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် နဝကမ္မအလှူငွေများကို သီလရှင်ဆရာကြီး ဒေါ်သမ္မာရီထံသို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဌာနကြီးမှူးနှင့်အဖွဲ့ဝင်များသည် ဇေယျာရာမသီလရှင် စာသင်တိုက်သို့သွားရောက်၍ ဆွမ်းဆန်တော်၊ ဆီ၊ သီလရှင်ဝတ်စုံနှင့် နဝကမ္မအလှူငွေများကို သီလရှင်ဆရာကြီး ဒေါ်ကစ္စေသီထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုမှာ တန်ဖိုးငွေကျပ် ခုနစ်သိန်းငါးသောင်းရှစ်ထောင်နှစ်ရာဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	‘‘သူချစ်ကိုယ်ချစ်မေတ္တာစစ်’’တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်)
၇း၅၅ - ၁း၅၅	Sunday Talk [အကယ်ဒမီကျော်ဟိန်း၊ ကိုကို(စက်မှုတက္ကသိုလ်)၊မျိုးမြတ်သူ]
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (ဖျာပုံ၊ ဒေးဒရဲ)
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	သီးနှံစိုက်ပျိုးအထွက်တိုး‘‘စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုး အောင်စိုက်ကြစို့’’
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	မိသားစုတနင်္ဂနွေ(ဖောင်းတော်ချုပ်)
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	သဘာဝအလှရတနာသစ်ခွကမ္ဘာ
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	ရွှေထီးတော်တင်အလှူမင်္ဂလာမှသည် အပါယ်ခံရွာလေးရဲ့ အနာဂတ်လမ်းဆီသို့
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	သွားမယ်စားမယ်(Zaw Gyi House)
၁၂း၀၀ - ၆း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ‘‘ဗိုက် ဗိုက် ဗိုက်’’
၁၂း၂၅ - ၆း၂၅	Biz Net
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	အဝလွန်ရောဂါဆိုင်ရာအချက်အလက်များနှင့် သကြားအစားထိုး Sucralose(ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ထူးချွန်ကျောင်းသားများအား ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းဆိုင်ရာကုမ္ပဏီက ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် S.R Shipping Co., Ltd. ၏ စီစဉ်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean & STX Pos Ship Management Co., Ltd. က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် တက်ရောက်၍ ရေကြောင်းဆိုင်ရာဘာသာရပ်များ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် S.R Shipping Co., Ltd. မှ မန်နေဂျာ ဦးမေအောင်က ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean & STX Pos Ship Management Co., Ltd. မှ ပညာသင်ဆု ပေးရခြင်းအကြောင်းကို ပဏာမရှင်းလင်းတင်ပြပြီး ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean မှ မန်နေဂျင်း ဒါရိုက်တာ Mr. Lim Chaeeop က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ Training Manager Mr. Yang Seung-Hee က STX Pan Ocean & STX Pos တို့၏မိခင် STX စီးပွားရေးအုပ်စုကြီး ကိုရီးယားသမ္မတနိုင်ငံ၌ ပင်လယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေး၊ တည်ဆောက်ရေး၊ သင်္ဘောအင်ဂျင်ထုတ်လုပ်ရေးများ ဆောင်ရွက်နေမှုနှင့် ရေကြောင်းနှင့် သင်္ဘောဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချပေးနေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဦးချာလီသန်းက ကိုရီးယားသမ္မတနိုင်ငံမှ ပညာသင်ဆုပေးသော STX Pan Ocean & STX Pos Ship Management Co., Ltd. အား ကျေးဇူးတင်စကားနှင့် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ Mr. Lim Chaeeop က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ တတိယနှစ်၊ စတုတ္ထနှစ်နှင့် နောက်ဆုံးနှစ်တို့၌ တက်ရောက်ပညာသင်ကြားနေကြသည့် ထူးချွန်ကျောင်းသား စုစုပေါင်း ၂၀ အား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဆုလက်မှတ်ကို တစ်ဦးချင်း ပေးအပ်သည်။

ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean & STX Pos Ship Management Co., Ltd. သည် STX အမည်ဖြင့် ကမ္ဘာပေါ်တွင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၌ အဆင့်(၄)ရှိပြီး မြန်မာနိုင်ငံမှ S.R Shipping Co., Ltd. သည် ၂၀၀၇ခုနှစ်မှစတင်၍ အဆိုပါကုမ္ပဏီနှင့် ချိတ်ဆက်ကာ မြန်မာသင်္ဘောသားများ ရှာဖွေအလုပ်ခန့်ထားရေးကို တရားဝင်ဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်ရန်လိပ်စာမှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတာဝါ ဖုန်း-၂၀၃၀၁၂၊ ၂၀၁၆၈၇တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပျိုးချိန်စိုက်ချိန်

❍ ပျိုးပါကွဲ့ ပျိုးပါ
ညီတညာ ချိန်မရွေး၊
တောတစ်ခို တောင်ညိုတန်း
စိမ်းလန်းဖို့ရေး။

❍ ဥတုရယ် ချိန်ရာသီ
တောကိုမှီ မှန်စေသား။
မကြွားတကယ်
တရားနွယ် ဆိုစကား
လေးစားစို့လား။

❍ ပျိုးချလို့ စိုက်ကြစမ်း
အေးချမ်းတဲ့သည်ရပ်မြေ၊
မြေဆွကာ ပေါင်းမြက်ရှင်း
စိုက်ခင်းဖြစ်စေ။
စိမ်းလန်းလို့စိုပြည်
မှန်မသွေ ရွှယ်ရည်စူး။

❍ လွမ်းအခြံ မှုံအဆင်းရယ်နဲ့
ပန်းအစုံထုံသင်းပါလို့
ဆိုသီချင်းသာသာပေါ့
စမ်းရေပြာ စီးသံတေးရယ်နဲ့
(အလိုကွယ်)ငှက်ကျေးသံမြူး။ ။

သောင်းကိုကို

ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean&STX Pos Ship Management Co.Ltd က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် တက်ရောက်၍ ရေကြောင်းဆိုင်ရာ ဘာသာရပ်များ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲတွင် မန်နေဂျင်းဒါရိုက်တာ Mr. Lim Chaeeop က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ တတိယနှစ်၊ စတုတ္ထနှစ်နှင့် နောက်ဆုံးနှစ်တို့၌ တက်ရောက်ပညာသင်ကြားနေသည့် ထူးချွန်ကျောင်းသားများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဆုလက်မှတ်များပေးအပ်စဉ်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ၁၉၈၆ သူငယ်တန်းမှ ၁၉၉၈ ဒသမတန်းအထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ခိုင်သစ္စာဇင် ဖုန်း-၆၆၀၅၇၈၊၀၉၈၀၃၂၂၂၁၊ ဇွဲကိုကို ဖုန်း-၅၆၃၆၆၅၊ ၀၉၅၀၃၇၂၈၇၊ လဲ့ရည်ဝင်း ဖုန်း-၆၆၄၀၁၉၊ ၀၉၅၀၇၆၄၉၆၊ သဥ္ဇာသောင်း ဖုန်း-၀၉၅၁၁၃၀၁၉၊ သန္တာချိုအုဏ်း ဖုန်း-၅၅၆၀၈၅၊ ဇင်လင်းအောင် ဖုန်း-၅၇၈၅၆၄၊ ၀၉၅၀၁၁၅၇၆၊ သက်အောင်လွင် ဖုန်း-၅၇၉၃၇၂၊ ၀၉၅၀၀၆၁၈၅၊ ပြည့်စုံဝင်းသိန်း ဖုန်း-၅၁၉၇၀၂၊ ၀၉၅၀၀၈၁၇၃၊ ဝင်းမိုးထိုက် ဖုန်း-၀၉၅၀၀၅၅၉၄၊ ၀၉၅၁၆၄၆၅၇၊ ဇင်မင်းထွေး ဖုန်း-၀၉၅၀၂၁၃၄၂၊ လဲ့လဲ့ဝင်းထွန်း ဖုန်း-၅၃၄၂၁၈၊ ၀၉၅၁၀၁၆၃၆၊ အောင်သူရထွန်း ဖုန်း-၅၀၁၉၈၅၊ ၀၉၅၀၆၅၂၆၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို "နှံ့" နိုင်စွမ်းမရှိတဲ့ ကိုလိုနီစော်နံမီဒီယာများ (၂)

တက္ကသိုလ်မြတ်သူ

(၁၆-၇-၂၀၀၈ရက်နေ့မှအဆက်)

ဒီနေ့ကမ္ဘာ့အင်အားလွန်နိုင်ငံကြီးရဲ့ မူဝါဒ (သို့မဟုတ်) လက်တွေ့လုပ်ရပ်များကိုကြည့်လျှင် သူနဲ့ မပြေလည်တဲ့ နိုင်ငံများ၊ သူ့ဩဇာမခံ၊ စွက်ဖက်ချုပ်ချယ်မှု ပယ်လှန်တဲ့နိုင်ငံများ၊ သူက ပစ်မှတ်အဖြစ် သတ်မှတ်ထိုးနှက်တိုက်ခိုက်နေတဲ့ နိုင်ငံများမှ လူများကို သူပုန်သူကန်ထဲမှဖြစ်စေ၊ ပညာတတ်ထဲကဖြစ်စေ၊ ဆန့်ကျင်ဘက် အတိုက်အခံများထဲကဖြစ်စေ သူတို့နိုင်ငံအတွင်း ခေါ်ယူသိမ်းသွင်းမွေးမြူထားခဲ့ပါတယ်။ အချိန်အခါ၊ အခြေအနေ၊ အကြောင်းအရာအလိုက် ထိုလူများကို ဆွဲထုတ်အသုံးချကာ ပစ်မှတ်နိုင်ငံများကို နှောင့်ယှက် ဖျက်ဆီးလေ့ရှိတယ်။ သူက မကြိုက်၊ သူ့ဩဇာမခံတဲ့ အစိုးရအဖွဲ့များကို (ဒီမိုကရေစီအစိုးရဖြစ်စေ) ဖြုတ်ချရန် အားထုတ်တတ်ပါတယ်။ ဒီလိုနဲ့ပဲ နိုင်ငံစုံပြည်ပြေးများ သန်းချီပြီး အဲဒီနိုင်ငံကြီးမှာရှိနေတာပါ။ မြန်မာပြည်ပြေးများကိုလဲ သောင်းချီလက်ခံထားတာ အားလုံးအသိပါ။ အခုလို နိုင်ငံတကာကို ၎င်းတို့လက်ဝါးထဲထည့်ပြီး သွန်လိုသွန် မှောက်လိုမှောက်နိုင်ဖို့ စီးပွားရေးလက်ဝါးကြီးအုပ်ခြင်း၊ စီးပွားရေးမက်လုံးပေးခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကျင့်သုံးခြင်းတို့ လုပ်ခဲ့တယ်။ ဒီလိုလုပ်ပြီး နိုင်ငံတစ်ခုရဲ့ စီးပွားရေးကို ထိခိုက်ပျက်စီးချွတ်ခြုံကျစေတယ်။ နိုင်ငံရေး တိုက်ကွက်အဖြစ် ပြည်ပြေး၊ အတိုက်အခံများနဲ့ အာဏာရများအကြား၊ ပစ်မှတ်နိုင်ငံရှိ ပြည်သူများအကြား၊ ပြည်သူနှင့် အစိုးရအကြား၊ ယင်းနိုင်ငံ အစိုးရနှင့်နိုင်ငံတကာအကြား စိတ်ဝမ်းကွဲအောင်သွေးခွဲတယ်။ ရန်တိုက်ပေးတယ်။ သပ်လျှိုတယ်။ လိုအပ်လျှင် အကြောင်းတစ်ခုခုပြပြီး စစ်ရေးအရ ကျူးကျော်တိုက်ခိုက်တယ်။ အကြောင်းပြချက်ဆိုတာကလည်း တစ်ခုမှ မမှန်ကန်ပါဘူး။

နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေးကျူးကျော်စွက်ဖက် ခြေရှုပ်နိုင်ဖို့ လက်သပ်မွေးထားတဲ့ ထောက်လှမ်းရေးအဖွဲ့များသုံးပြီး ပြည်တွင်းရေးမှာ ဝင်စွက်စေတယ်။ မီဒီယာများကို အသုံးပြုပြီး မှိုင်းတိုက်အမှောင်ဖုံးစေတဲ့ သတင်းလိမ်အတတ်ပညာ (အမည်းရောင်သတင်းစာပညာ= Black Journalism) (သို့မဟုတ်) မိုးလုံးပြည့်မုသားများဖြင့် ရစ်ပတ်တဲ့ ပြောင်းပြန်ဇောက်ထိုး သတင်းပြန်ကြားရေး (Disinformation)နည်းများ သုံးစွဲရင်း မှိုင်းတိုက်ပုံသွင်းတယ်။ စိတ်ဓာတ်စစ်ဆင်တယ်။ မူလကိုယ်ပိုင် အသိတရား ပျောက်ကွယ်ကာ ၎င်းတို့ သိစေလိုသမျှသာသိအောင် ဦးနှောက်ဆေးကြောခြင်း (Brain wash) လုပ်တယ်။ ယခုအခါ မြန်မာ နိုင်ငံမှာပြည်တွင်း၊ ပြည်ပအဖျက်သမားများက မုသားသတင်းများဖြင့် ပြည်သူကို လှည့်ဖြားကာ ကောလာဟလ အလိမ်အကောက်များသုံးပြီး Brain wash လုပ်နေကြတာ တွေ့ရမှာပါ။

အဲဒီနိုင်ငံကြီးက အဖွဲ့အစည်းကြီးတစ်ခုဟာ BBC, VOA, RFA, DVB တို့မှာ နိုင်ငံများစွာက အတိုက်အခံတွေ၊ ပြည်ပြေးတွေကို ထိုးသွင်းထားတယ်။ ယခင်ဆိုဗီယက်နဲ့ စစ်အေးတိုက်ရာမှာ အသုံးပြုတဲ့ ကလိန်ကကျစ် အသံလွှင့်စနစ် သုံးခဲ့တဲ့အတွေ့အကြုံကို သဘောကျပြီး မုသားအသံလွှင့်ဌာနသစ်များစွာ တည်ထောင်ကာ ကမ္ဘာ့လေလှိုင်းကို လွှမ်းမိုးချုပ်ကိုင်ထားပါတယ်။

စစ်အေးကာလ၊ ဂျာမနီနိုင်ငံ မြူးနစ်မြို့အနီးမှာ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံ ရှစ်ခု ထိုးနှက်ဖြိုချဖျက်ဆီးရေးအတွက် RFE(Radio Free Europe)လွတ်လပ်တဲ့ ဥရောပရေဒီယိုကိုလည်းကောင်း၊ မြူးနစ်မြို့ပြင်မှာပင် ဆိုဗီယက်(ရုရှား)ကို ထိုးနှက်ဖြိုချဖျက်ဆီးရေးအတွက် Radio Liberty or Radio Liberation လွတ်မြောက်ရေး ရေဒီယိုတို့ကို လည်းကောင်း အဲဒီအဖွဲ့ကြီးက တည်ထောင်ပြီး သက်ဆိုင်ရာနိုင်ငံများမှ ပြည်ပြေးများကို ခန့်ထားလျက် သူတို့ ရေးပေးသမျှလွှင့်ထုတ်နေပါတယ်။ ၁၉၉၁ ခုနှစ် နှောင်းပိုင်း ဆိုဗီယက်ပြည်ထောင်စုပြိုကွဲလုနီးနီး အချိန်တွင် BBC, VOA, RFE, Radio Liberty တို့ဟာ ၂၄ နာရီ လုံး မပြတ်လွှင့်ထုတ်ဘေးတီး သပ်လျှိုပေးခဲ့ကြတယ်။

ကျူးဘားနိုင်ငံမှာ ၁၉၅၉ ခုနှစ် ကတည်းက ဖီဒယ်ကက်စထရိုဦးဆောင်တဲ့ အစိုးရတက်ခဲ့တယ်။ အဲဒီ အစိုးရဟာ ယနေ့တိုင်တည်မြဲဆဲဖြစ်တယ်။ ဒါကိုအဲဒီအဖွဲ့ကြီးက ကျူးဘားအပါအဝင်လက်တင်အမေရိကရှိ ဆိုရှယ်လစ်အစိုးရများကို ထိုးနှက်ဖြုတ်ချရန် Radio Swan (ရေဒီယိုဆွမ်း)ကို ဦးစွာတည်ထောင်ပြီးနောက်ပိုင်း Radio Hose Merti (ရေဒီယိုဟိုဆေးမာတီ)၊ TV Merti (ရုပ်မြင်သံကြားမာတီ)ကို တည်ထောင်ကာ သတင်းများမှိုင်းတိုက်ခဲ့တာ တွေ့နိုင်ကြပါတယ်။

၁၉၈၉ ခုနှစ် မေလ၊ ဇွန်လတို့မှာ တရုတ်နိုင်ငံ တီယန်မင် ရင်ပြင်မှာ ပြည်ပပယောဂ (အထူးသဖြင့် အဲဒီအဖွဲ့အစည်းကြီးရဲ့လက်ချက်)နဲ့ ဆူပူမှုဖြစ်ပွားခဲ့တယ်။ ၁၉၈၉ ခုနှစ် ဇွန်လ ၄ ရက်နေ့ အခြေအနေအားလုံးပြီးဆုံးသွားပြီးနောက်မှာ အဲဒီအဖွဲ့ကြီးကပဲ ဟောင်ကောင်မှတစ်ဆင့် တရုတ်ဆူပူရေးသမားအချို့ကို ခေါ်ထုတ်သွားတယ်။ ချီကာဂိုမြို့အနီးမှာ June Four ဇွန်-လေးအသံလွှင့်ရုံထောင်ပေးပြီး တရုတ်ပြည်ပြေးများအား တရုတ်အစိုးရဆန့်ကျင်ရေး မုသားသတင်းများ ထုတ်လွှင့်စေခဲ့တယ်။

အရှေ့ဥရောပနိုင်ငံများမှ ဆိုရှယ်လစ်အစိုးရများ ဖြုတ်ချရာမှာ RFE (လွတ်လပ်သောဥရောပရေဒီယို)ရဲ့ လွှင့်ထုတ်ချက်များ ထိရောက်မှုရှိတဲ့အတွက် အာရှမှ တရုတ်နိုင်ငံနဲ့ တရုတ်ပြည်နယ်ဖြစ်တဲ့ တိဗက်ဒေသတို့ကို ထိုးနှက်ဖြိုခွဲရန်၊ ဗီယက်နမ်နဲ့ မြောက်ကိုရီးယားမှ လက်ဝဲအစိုးရများ ဖြုတ်ချနိုင်ရန်၊ မြန်မာနိုင်ငံမှ အမျိုးသားရေး အလေးထားသော အစိုးရနဲ့ အမျိုးသားရေး အင်အားစုများကို ထိုးနှက်တိုက်ခိုက်နိုင်ရန် သတင်းမှားလွှင့်ထုတ်စက်လို့ဆိုနိုင်တဲ့ RFA= Radio Free Asia ကို သူတို့ကပဲ ဝါရှင်တန်မြို့တော်မှာ တည်ထောင်ပေးခဲ့တယ်။ RFA (အာရ်အက်ဖ်အေ) အသံလွှင့်ဌာနမှ တရုတ်ဘာသာ၊ တိဗက်ဘာသာ၊ ကိုရီးယားဘာသာ၊ ဗီယက်နမ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် နေ့/ည လွှင့်ထုတ်ပေးတယ်။ ယင်း RFA တွင် တရုတ်၊ တိဗက်၊ ဗီယက်နမ်၊ ကိုရီးယား၊ မြန်မာပြည်ပြေးများကို ခန့်ထားလွှင့်ထုတ်စေလျက်ရှိသည်။

ဒါတွင်မက ၁၉၈၈ ခုနှစ် ဆူပူမှုမှာ သဲသဲလှုပ် ပါဝင်ခဲ့တဲ့ မြန်မာပြည်ပြေးများအတွက် ဥရောပမြောက်ပိုင်း နော်ဝေနိုင်ငံ အော့စလိုမြို့မှာ DVB အသံလွှင့်ရုံကို တည်ထောင်ပေးထားတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလမှစ၍ DVB ပြည်ပြေးများအတွက် ရုပ်သံလွှင့်ချယ်နယ်တစ်ခုကို ငှားပေးခဲ့တယ်။ RFE, Radio Liberty, Radio Swan, Radio Hose Merti, TV Merti , June Four, RFA, DVB ရေဒီယိုရုပ်မြင်သံကြားတို့ကို အဲဒီအဖွဲ့ကြီးက ကြိုးကိုင်စီမံပြီး သူတို့နိုင်ငံကွန်ဂရက်က ငွေကြေးတစ်နှင့်တစ်ပိုးထောက်ပံ့ထားတယ်။

အဲဒီအဖွဲ့ကြီးက အရာရှိဟောင်းများနဲ့ သတင်းစာဆရာများ ဖော်ထုတ်ရေးသားတဲ့ စာအုပ်များစွာမှာ အဲဒီအဖွဲ့ကြီးဟာ အမေရိကန်သတင်းစာဆရာ ရာပေါင်းများစွာနဲ့ အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ဥရောပသတင်းစာဆရာ ထောင်ချီသိမ်းသွင်းအသုံးချပြီး ၎င်းတို့ရဲ့ မုသားသတင်းဖြန့်ချိရေးမှာ တာဝန်ပေးထားကြောင်း တွေ့ရတယ်။

၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်ည ၁၁နာရီခွဲမှ ၁၈ရက်နေ့နံနက်အကူး ၁နာရီ မိနစ် ၂၀ အထိ ပေကျင်းမြို့တော်ရှိ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး မော်စီတုန်းနေအိမ်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာ၊ ဥက္ကဋ္ဌ မော်စီတုန်း၊ တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းတို့ ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့တယ်။ ယင်းဆွေးနွေးပွဲမှာ အဲဒီအဖွဲ့ကြီးက သတင်းများနဲ့ ပတ်သက်ပြီး ဆွေးနွေးကြပုံကို (ကျော်ဝင်းဘာသာပြန်သော ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများစာအုပ်မှ) ကောက်နုတ်တင်ပြလိုက်ပါရစေ။

မော်စီတုန်း။ ။ဟုတ်ပြီ၊ အငွေ့အဝိုက်၊ အကွေ့အကောက်တွေမပါဘဲ ဒဲ့ဒိုးပဲပြောကြ၊ ဆိုကြတာပေါ့။ တကယ်တော့လှည့်တယ်၊ ပတ်တယ်ဆိုတာ တယ် အသုံးမဝင်လှပါဘူးဗျာ။ ကျွန်တော် ခင်ဗျားတို့ အမေရိကန် သတင်းထောက်မစ္စတာအဂ္ဂါစနိုးကိုတောင် ပြောခဲ့ဖူးသေးတယ်။ ခင်ဗျားတို့အဖွဲ့ကြီးက သတင်းတွေဟာ ဝေ့လည် ကြောင်ပတ်နဲ့ မစွံဘူးလို့။

ကစ်ဆင်ဂျာ။ ။ကျွန်တော်လုံးဝကို သဘောတူပါတယ်။ ဥက္ကဋ္ဌကြီး ပြောတဲ့အတိုင်းပဲဖြစ်ခဲ့တာပါ။

အဲဒီအဖွဲ့ကြီးရဲ့ ကလိန်ကကျစ်သတင်းနဲ့ပတ်သက်ပြီးဥက္ကဋ္ဌကြီးမော်စီတုန်းနဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဟင်နရီကစ်ဆင်ဂျာတို့ရဲ့ ၁၉၇၃ ခုနှစ် ဆွေးနွေးပွဲမှာကတည်းက သရုပ်ပေါ်ခဲ့ပြီးသားပါ။ ဒီကနေ့ ကမ္ဘာ့နိုင်ငံများစွာကို ကူလီကူမာ သတင်း ဖြန့်ချိရေးလုပ်ငန်းများသုံးပြီး ပြည်တွင်းရေးတွေ ဝင်စွက်နေတဲ့ သတင်းစာကျင့်ဝတ်သိက္ခာကင်းမဲ့တဲ့ အနောက်အုပ်စုရဲ့ လုပ်ရပ်တွေဟာ ကမ္ဘာ့တံတွေးခွက်ထဲ ပက်လက်မျောနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးမရမီကစပြီး ဒီကနေ့ လွတ်လပ်ရေးသက်တမ်းနှစ် ၆၀ ပြည့်ပြီးသည့်နောက်ပိုင်းတစ်လျှောက် မြန်မာတို့က လွတ်လပ်ရေးရအောင်၊ ပြည်တွင်း ငြိမ်းချမ်းတည်ငြိမ်အောင်၊ မိမိတို့ရေကောင်း၊ မြေကောင်း၊ သယံဇာတကောင်းတွေနဲ့ ဖွံ့ဖြိုးတိုးတက် ကြွယ်ဝတဲ့နိုင်ငံဖြစ်အောင်၊ နိုင်ငံငြိမ်းချမ်းရေး တည်ငြိမ်မှုရယူပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအဆင့် ခုနစ် ဆင့်လုံးအောင်မြင်အောင် အမျိုးသားရေး စိတ်ဓာတ်ကိုယ်စီနဲ့ လက်တွဲဆောင်ရွက်နေကြတာ အားလုံး အသိအမြင်ပါ။ ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေရဲ့ အဖျက်လုပ်ရပ်တွေ ကျော်လွှားဖြတ်နင်းပြီးအောင်မြင်မှုတွေ တစ်သီကြီး ရရှိနေပြီလည်းဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးရေးတည်ဆောက်မှုလုပ်ငန်းကို ဖျက်လိုဖျက်ဆီးလုပ်ဖို့ စီးပွားရေးပိတ်ဆို့တာမျိုး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံက ဆွဲထုတ်ပစ်ဖို့ လုပ်တာမျိုး၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းတယ်၊ လူ့အခွင့်အရေး ချိုးဖောက်တယ် စတဲ့ မမှန်မကန် စွပ်စွဲချက်တွေနဲ့ နှောင့်ယှက်တာမျိုး တောက်လျှောက်လုပ်နေကြတာလဲ မြန်မာတိုင်းသိကြပါတယ်။ ရရှိတဲ့ ငြိမ်းချမ်းရေး ပျက်ရာပျက်ကြောင်း သွေးခွဲသပ်လျှိုလက်ကျန်သောင်းကျန်းသူတွေကို ဒေါ်လာပုံအောထောက်ပံ့တာမျိုးလဲ ဆက်တိုက်လုပ်နေကြတာပါပဲ။

ဒီမိုကရေစီလမ်းပြမြေပုံရဲ့ အဆင့်တိုင်း မှာလဲ နှောင့်ယှက်ကြတာပါပဲ။ အမျိုးသား ညီလာခံကြီးဟာ အဖျက်သမားစုံရဲ့ နှောင့် ယှက်မှုကို ကျော်လွှားအောင်မြင်ခဲ့တာပါ။ အခြေခံဥပဒေ ရေးဆွဲခါနီး ပြည်ပနဲ့ ပြည်တွင်းအဖျက်သမားတို့ လက်ဝါးချင်း ရိုက်ပြီး ဆူပူမှုဖန်တီးခဲ့ကြတော့လည်း မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ တွန်းလှန်ပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက် ခဲ့ကြတာပဲ။ အခြေခံဥပဒေကို အပြီးတိုင် ရေးဆွဲနိုင်ခဲ့တာပါပဲ။

ဒီမိုကရေစီလမ်းပြမြေပုံရဲ့ အဆင့်တိုင်းမှာလဲ နှောင့်ယှက်ကြတာ ပါပဲ။ အမျိုးသားညီလာခံကြီးဟာ အဖျက်သမားစုံရဲ့ နှောင့်ယှက်မှုကို ကျော်လွှားအောင်မြင်ခဲ့တာပါ။ အခြေခံဥပဒေရေးဆွဲခါနီး ပြည်ပနဲ့ ပြည်တွင်းအဖျက်သမားတို့ လက်ဝါးချင်းရိုက်ပြီး ဆူပူမှုဖန်တီးခဲ့ကြတော့လည်း မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ တွန်းလှန်ပြီး ကိုယ့်လမ်းကိုယ် ဆက်လျှောက်ခဲ့ကြတာပဲ။ အခြေခံဥပဒေကို အပြီးတိုင် ရေးဆွဲနိုင်ခဲ့တာပါပဲ။

အခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူရာမှာလဲ ပြည်တွင်းက နှောင့်၊ ပြည်ပက နှောင့်နဲ့ ပြည်ပြေးမီဒီယာ BBC, VOA, RFA, DVB တို့ဆိုရင် အသံလွှင့်ချိန်တွေ တစ်နေ့ငါးကြိမ်အထိတိုးပြီး လေလှိုင်းနဲ့ ဖျက်ခဲ့ကြတာပါပဲ။ ဒါပေမယ့် အဖျက်မီဒီယာယန္တရားရဲ့ လုံးဝမှုမမှန်တာ သိနေပြီဖြစ်တဲ့ မြန်မာတိုင်းရင်းသားပြည်သူတွေက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခဲနက် ထောက်ခံမဲပေးခဲ့ကြလို့ ထောက်ခံမှု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းနဲ့ အတည်ပြုနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

၂၀၀၈ခုနှစ် မေလ ၂ ရက်နေ့နဲ့ ၃ ရက်နေ့ နာဂစ်မုန်တိုင်းကြီး မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြတဲ့အတွက် ရှစ်သောင်းကျော်သေဆုံး၊ ငါးသောင်းကျော် ပျောက်ဆုံး၊ တစ်သောင်းကျော် ထိခိုက်ဒဏ်ရာရခဲ့တယ်။ နိုင်ငံတော် အစိုးရနဲ့ ပြည်တွင်း၊ ပြည်ပ စေတနာရှင်အလှူရှင်များက ငွေကြေး၊ ပစ္စည်းများ ပုံအောပြီး လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးလုပ်ငန်း ဆက်တိုက်လုပ်ခဲ့ကြတယ်။ မြန်မာတို့ရဲ့ အမျိုးသားရေး စေတနာစိတ်ထားအဟုန်ကြောင့် လေဘေးသင့်ဒေသတွေဟာ ဒီကနေ့ အိုးသစ်၊အိမ်သစ်၊ရွာသစ်၊ မြို့သစ်၊ လမ်းသစ်များနဲ့ ဝေဝေစည်စည် ဖြစ်လာပါပြီ။ ဒီလေဘေးကိုလည်း ပြည်တွင်း၊ ပြည်ပက ဝင်ရောက်နှောင့်ယှက်ခဲ့ကြတာ အားလုံး သိတဲ့အတိုင်းပါပဲ။

အနောက်က ကျွန်စော်နံတဲ့ မီဒီယာတွေ မည်မျှပင် နှောင့်ယှက်ပါစေ၊ အဲဒီအဖျက်မီဒီယာတွေကို နောကျေနေပြီ ဖြစ်တဲ့ မြန်မာတို့အဖို့တော့ မိမိတို့ရဲ့ နိုင်ငံတော် ကောင်းကျိုး၊ မိမိတို့ အမျိုးသား အကျိုးစီးပွားကို ဆက်လက်ရယူနေမှာ ဖြစ်ပါတယ်။ လတ်တလောအမျိုးသားရေး အောင်ပွဲကြီး နှစ်ခုရခဲ့တာသာ ကြည့်ပါတော့။ ပထမ အောင်ပွဲက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို တစ်ခဲနက် အတည်ပြုခဲ့တာဖြစ်ပါတယ်။ ဒုတိယအောင်ပွဲကတော့ နာဂစ်မုန်တိုင်းရဲ့ ပြင်းလှတဲ့ဖျက်အားကို စေတနာရှင်များနဲ့ အစိုးရက အမျိုးသားအားမာန်နဲ့ နေ့ချင်းညချင်း အပြုအားနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင် နေတဲ့ အမျိုးသားရေး အောင်ပွဲကြီးဖြစ်ကြောင်းပါခင်ဗျား။ ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက်တွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးနှင့် ဧည့်ပရိသတ်တို့က မြို့လယ်ကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဂန္ဓမာထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြကာ ဝန်ကြီး ဦးအောင်သောင်း ဇနီး ဒေါ်ခင်ခင်ရီ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့လယ်ကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဂန္ဓမာထံမှ ဝန်ကြီးနှင့်ပရိသတ်တို့က သာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အရဏ်ဆွမ်းများဆက်ကပ်လှူဒါန်းကြသည်

အလားတူ အမှတ်(၁) စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနအသီးသီးမှ အုန်းတောတောင်ကျောင်း၊ မြို့လယ်ကျောင်းတိုက်၊ ကျောင်းသစ်ကျောင်း၊ စမ်းမြိုင်တောရကျောင်းနှင့် မစိုးရိမ်တိုက်သစ် ကျောင်းများမှ စုစုပေါင်း သံဃာတော် ၂၀၁ ပါးတို့အား ကျောင်းတိုက်များအလိုက် အရဏ်ဆွမ်း၊ နေ့ဆွမ်းများနှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၁၅ ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၈) နေပြည်တော်နှင့် လုပ်ငန်းဆိုင်ရာ ပညာပေး သင်တန်းအမှတ်စဉ် (၂/၂၀၀၈) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၉၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)ရှေ့၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ခရေပင်ကို စတင်စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာ အသီးသီးတွင် မဇ္ဈူသကမယ်ဇယ်ပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ရုံးပတ်ဝန်းကျင်၌ ဝန်ထမ်းများ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ခရေ၊ သရက်၊ စိန်ပန်း၊ ပိတောက်၊မဟော်ဂနီ၊တမာ၊မန်ကျည်း၊ ပျဉ်းမ၊ မယ်ဇယ်၊ အုန်းနှင့် တောဝင် အုန်းပင် စုစုပေါင်း ၅၉၉၅ ပင်ကို စိုက်ပျိုးကြပြီး ယနေ့အထိ အရိပ်ရပင်နှင့် ပန်းအလှပင် စုစုပေါင်း ၃၇၇၇၁ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးရာသီတွင် ကြက်ဆူ၊ သရက်၊ ခရေ၊ စိန်ပန်း၊ ပိတောက်ပင်များ ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီးတို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(စက်မှု-၁)

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် မြင်သာမြို့ဦးကျောင်းတိုက် မုခ်ဦးနှင့် သံမဏိတံခါးအတွက် တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သူရလမ်းနေ ကွယ်လွန်သူ ဦးစန်းမြင့်နောင်အား ရည်စူး၍ ဒေါ်ခင်စန်းရီနှင့် သားသမီးမြေး (ဟိုင်းမင်းစက်မှုလက်မှု) မိသားစုတို့က အလှူငွေကျပ် ၆၂ သိန်းကို ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာစာရ ရွှေ့မှောက်၌ ကျောင်းအကျိုးတော်ဆောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၆၃)

မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၁၉

ပဲခူး(၁၀)မိုင်ကုန်း မိုးကုတ်ဝိပဿနာမုံလယ်တောရဓမ္မရိပ်သာ၏ ခုနစ်ရက် တရားစခန်းပွဲများကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ တစ်ကြိမ်၊ ဩဂုတ် ၂၄ရက်မှ ၃၀ရက်အထိ တစ်ကြိမ်၊ စက်တင်ဘာ ၂၃ရက်မှ ၂၉ရက် အထိတစ်ကြိမ် စုစုပေါင်းသုံးကြိမ် စခန်းပွဲများကိုကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ပထမပတ် (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်) ဇူလိုင် ၃၀ရက် ညနေအရောက် လာရောက်ရမည်ဖြစ်ကြောင်းသိရသည်။(က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် လေဘေးသင့်ဒေသ၌ ကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇူလိုင် ၁၆ ရက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဖောက်လုပ်လျက်ရှိသည့် လပွတ္တာ-သုံးခွ- အုတ်တွင်း- ထိပ်စွန်းလမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုနှင့် ကျောက်ကလပ်ကျေးရွာ လူနေအိမ်သစ်များ တည်ဆောက်နေမှုကို ကြည့်ရှုပြီး ရွှေသံလွင်၊ အရှေ့ဦး ကုမ္ပဏီ အုပ်စု ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘုန်းတော်ပြည့် ခုံကြီးကျေးရွာ ပျိုးဥယျာဉ်နှင့်ကျေးရွာသောက်ရေကန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်းရှိ အိမ်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားနိုင်မှုတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီပံ့ပိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျေးရွာပြည်သူများအား ကျန်းမာရေး ဆေးကုသပေးနေမှုနှင့် နေအိမ်များအတွင်း စနစ်တကျ ခင်းကျင်းနေထိုင်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ တပ်မတော်သားများနှင့်ကုမ္ပဏီဝန်ထမ်းများ ပူးပေါင်း၍ အားတက်သရော စုပေါင်းကာ နေအိမ်များ တည်ဆောက်နေမှု၊ အုတ်တွင်းကျေးရွာ၌ ခြေနင်းတုံကင်ဖြင့် သောက်သုံးရေ သန့် သုံးစွဲမှု၊ နေအိမ်သစ်များ တည်ဆောက်ရန်အတွက် ရောက်ရှိလာသော အိမ်ဆောက်ပစ္စည်းများကို မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ အသင်းဝင်များနှင့် တပ်မတော်သားများ ပူးပေါင်း၍ ရေယာဉ်ပေါ်မှ မော်တော်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်နေမှုနှင့် ကျေးရွာဒေသအတွင်း နိုင်ငံတော်မှ ပံ့ပိုးပေးသည့် ငါးဖမ်းစက်လှေ၊ ပိုက်များနှင့် ငါးဖမ်းနေမှု၊ ပြန်လည်ရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သောင်လေးရွာအသစ် ပြန်လည်တည်ဆောက်ပေးမည့် နေရာသို့ ရောက်ရှိပြီး ဝန်ကြီးက စနစ်တကျ တည်ဆောက်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အုန်းချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ယာယီခန်းမဆောင်၌ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဒေသခံ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်းပေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးကာ ဝန်ကြီးသည် ပုဂ္ဂလိက အလှူရှင်များက လှူဒါန်းဆောက်လုပ်ပေးမည့် အထက်တန်းကျောင်းသစ် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အောက်ပြွန်ဝကျေးရွာ ပြန်လည်ထူထောင်နေသည့် အခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားကာ သင်္ကန်းကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာလူကြီး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်း အောင်မြင်အောင် ထူထောင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပြီး ကျောင်းဆောင်အသစ် တည်ဆောက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချမ်းမြေ့မြိုင်ရိပ်သာကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၉

မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန်စံပြကျေးရွာ ချမ်းမြေ့မြိုင်ရိပ်သာကျောင်း၌ ၁၃၇၀ပြည့်နှစ် ဝါတွင်း၌ ပရိယတ်၊ပဋိပတ် သာသနာ့တာဝန်နှစ်ရပ်ကို ထမ်းဆောင်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဘောဇနဂုဏ်ရည်ကျောင်းဒကာ ဗိုလ်ကြီးဝင်းသန်း(ငြိမ်း)-ဗိုလ်မှူးဒေါက်တာခင်သီတာအောင် မိသားစုက မတည်၍ ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့က ဦးဆောင်ပြီး ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၁ရက် (ဇူလိုင်၂၇)ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် အလှူရှင်များကိုယ်တိုင် သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ (က-ပ)

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် မန္တလေးမြို့ အမှတ်(၁၇၃) ၂၆× ၈၃လမ်းထောင့်နေ ဦးမောင်မောင်ဝိန်၊ ဇနီး ဒေါ်မိမိခင် (ကြံတိုင်းအောင်) မိသားစုက အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

✧ **ကျောဖုံးမှ**

ဆောင်ရွက်ကြပြီး ၂၀၀၈ ခုနှစ် (၆၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားသည်။

လွှမ်းသူ့ပန်းခွေချ

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌ လွှမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး၏ကိုယ်စား ဦးလှဖေက လွှမ်းသူ့ပန်းခွေချ၍ အလေးပြုပြီး ကန်တော့ကာ မေတ္တာပို့အမျှပေးဝေသည်။

မေတ္တာပို့အမျှပေးဝေ

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ၊ အလေးပြု၊ ကန်တော့ကြပြီး မေတ္တာပို့အမျှပေးဝေကြသည်။

အလေးပြု

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှကိုယ်စားလှယ်များကဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွှမ်းသူ့ ပန်းခွေချ၍ အလေးပြုကြသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး၏ ကိုယ်စား ဦးလှဖေက လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် သခင်မြ၏ ဂူဗိမာန်၌ သခင်မြမိသားစုများ လွှမ်းသူ့ပန်းခွေချ၍ ကန်တော့ကြစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက်
နှင့် တက်ရောက်လာကြသူများက

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘချို၏ ဂူဗိမာန်၌ ဦးဘချို မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွား မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်
မန်းဘခိုင် မိသားစုများ လွှမ်းသူ့ပ

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးရာဇတ်၏ ဂူဗိမာန်၌ ဦးရာဇတ် မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်
ဦးအုန်းမောင် မိသားစုများ လွှမ်းသူ့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -အလင်းလက်ဆုံးကြယ်ပွင့်ကလေး**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၆။ အမျိုးသားရေး တေးကဗျာ
၄:၃၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၉။ သံစဉ်များနဲ့ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၃။ အုံသြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန့်ဘောက် (အပိုင်း-၂၀)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့ နောက်ကွယ် (အပိုင်း-၅)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဧရာဝတီ မြစ်ရေ ကျဆင်း

ရန်ကုန် ဇူလိုင် ၁၉

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်နာရီလျှင် ဝဒသမ၂၅ စင်တီမီတာနှုန်းဖြင့် ကျဆင်းနေပြီး နောက်သုံးရက်အတွင်း ဟင်္သာတမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပိုးလောက်လမ်းနှိမ်နင်းရေး နှိုးဆော်ချက်

၁။ ပိုးလောက်လမ်းနှိမ်နင်းရေးသည် သွေးလွန်တုပ်ကွေးကပ်ရောဂါကို ထိန်းချုပ်ရာ၌ အဓိကလုပ်ငန်းဖြစ်ပါသည်။
၂။ ပိုးလောက်လမ်းကို ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် အောက်ပါ အချက်(၃)ချက်နှင့် ပြည့်စုံရပါမည်-
(က) ခြင်ပေါက်ပွားနိုင်သော ရေစည်ရေအိုးနှင့် ရေတင်ကျန်နိုင်သော ပစ္စည်း များတွင် ပေါက်ပွားနေသော ပိုးလောက်လမ်းအားလုံး ကင်းရှင်းရန်၊
(ခ) ရပ်ကွက်ကျေးရွာအတွင်းရှိ အိမ်၊ ကျောင်း၊ လူနေအဆောက်အအုံ အားလုံးမှာ ပိုးလောက်လမ်း ကင်းစင်ရန်၊
(ဂ) မိသားစုတိုင်းနှင့်ရပ်ရွာလူထုမှ ပိုးလောက်လမ်းနှိမ်နင်းမှုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်ပတ်တစ်ကြိမ်ပုံမှန် ဆောင်ရွက်ရန်။
၃။ ကလေးငယ်များ သွေးလွန်တုပ်ကွေးမဖြစ်စေရန် မိမိတို့နေအိမ်နှင့် ပတ်ဝန်းကျင်တွင် ပိုးလောက်လမ်း ကင်းစင်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ကမ်းရိုးတန်းဒေသများတွ

ရန်ကုန် ဇူလို

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝ
လွန်ခဲ့သော ၂၄နာရီအတွင်းက ကချ
ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအ
နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြ
တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွ
စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွ
ဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်၊
၁ဒသမဝ၆လက်မစီ၊ ကော့ကရိတ်မြို့တွ
တွင်၂ဒသမ ၁၇လက်မ၊ မော်လမြိုင်မြို့တွ
တွင် ၁ဒသမ၅၄လက်မတို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ။
ဘင်္ဂလားပင်လယ်အော်တို့တွင် အများ
အတင့်ရှိနေသည်။
ဇူလိုင် (၂၀)ရက် ညနေထိ ခန့်မှန်းခ
ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊
အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင်
ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊
တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေ
နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရ
မြန်မာ့ပင်လယ်ပြင်တွင်
လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်၊
တွင် မိုးလျော့နည်းနိုင်သည်။



၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း နှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ အလေးပြုကြစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင် မိသားစုများ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင် မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးအုန်းမောင်၏ဂူဗိမာန်၌ ဦးအုန်းမောင် မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေး မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်

ရန်ကုန် ဇူလိုင် ၁၉

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်၊ ကျိုင်းတုံမြို့နှင့် ရွှေကျင်မြို့တို့တွင် ၁ဒသမ၀၆လက်မစီ၊ ကော့ကရိတ်မြို့တွင် ၂ဒသမ၃၂ လက်မ၊တောင်ငူမြို့တွင်၂ဒသမ ၁၇လက်မ၊ မော်လမြိုင်မြို့တွင် ၁ဒသမ၈၉ လက်မနှင့် မုံရွာမြို့တွင် ၁ဒသမ၅၄လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ဇူလိုင် (၂၀)ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင်နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော
မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်		
၃၄ ဒသမ၅ ဒီဂရီစင်တီဂရိတ်	(၉၄ ဒီဂရီဖာရင်ဟိုက်)	၁၈-၇-၂၀၀၈
အနိမ့်ဆုံးအပူချိန်		
၂၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ်	(၇၃ ဒီဂရီဖာရင်ဟိုက်)	၁၉-၇-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း		၁၉-၇-၂၀၀၈
နေပူသည့်နာရီပေါင်း	(၄ဒသမ ၁)နာရီခန့်	၁၈-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၉-၇-၂၀၀၈	၉ မမ (၀ဒသမ၃၆လက်မ)	၂မမ (၀ ဒသမ ၀၈ လက်မ)	၂မမ (၀ ဒသမ ၀၈လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၁၃၁၉ မမ (၅၁ဒသမ၉၃လက်မ)	၁၅၄၆မမ (၆၀ ဒသမ ၈၇ လက်မ)	၁၈၈၄ မမ (၇၄ ဒသမ ၁၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၈-၇-၂၀၀၈ ရက် ၁၄း၄၅နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂မိုင်နှုန်း တိုက်ခတ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၀ ၅။ အကပြိုင်ပွဲ
- ၈း၁၅ ၆။ တေးဂီတအစီအစဉ်
- ၈း၃၀ ၇။ International News.
- ၈း၄၅ ၈။ အတီးပြိုင်ပွဲ
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂း၀၅ ၅။ **မြန်မာရုပ်ရှင် "အဖြူရောင်အတ္တ" (မင်းမော်ကွန်း၊ မင်းသူ၊ အိန္ဒြာကျော်ဇင်၊ လှအဉ္ဇလီတင့်)(ဒါရိုက်တာ-အိအိခိုင်)**
- ၂း၁၀ ၆။ အဆိုပြိုင်ပွဲ
- ၂း၁၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ အက
- ၂း၂၅ ၈။ တေးဂီတအစီအစဉ်
- ၂း၃၀ ၉။ International News.
- ၂း၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၀ ၃။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ **"စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်" (ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]**
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ အကပြိုင်ပွဲ
- ၅း၁၀ ၈။ တေးဂီတအစီအစဉ်
- ၅း၂၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အတီးပြိုင်ပွဲ
- ၆း၄၅ ၁၃။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၁၅)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၆)**
- ၁၉။ အစီအစဉ်ပြီး၏။

မက္ကဆီကိုနိုင်ငံ ရေပြင်တွင် မူးယစ်ဆေးဝါး သယ်ဆောင်လာသော ရေငုပ်သင်္ဘောတစ်စင်းကို ရေတပ်သင်္ဘောက လိုက်လံဖမ်းဆီးနေသည်ကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၈ ခုနှစ်အတွက် ကမ္ဘာ့ရေနံဝယ်လိုအား ခန့်မှန်းချက် အိုပက်အဖွဲ့က လျှော့ချခန့်မှန်း

ဗီယင်နာ ဇူလိုင် ၁၈

ကမ္ဘာ့ရေနံ တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ အိုပက်သည် ယခုနှစ်အတွက် ကမ္ဘာ့ရေနံ ဝယ်လိုအားကို ခန့်မှန်းရာ၌ ယခင်ကထက် တစ်ရက်လျှင် ရေနံဝယ်ယူမှု စည်ပေါင်း ကိုးသောင်းအထိ လျှော့ချ ခန့်မှန်းထားသည်။

ထိုသို့ လျှော့ချ ခန့်မှန်းခြင်းမှာ စတုတ္ထအကြိမ်အဖြစ် လျှော့ချ ခန့်မှန်းခြင်း ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့ရေနံ ဝယ်လိုအားသည် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် စည်ပေါင်း၃၂ သန်းရှိမည် ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့ဝယ်လိုအားသည် တစ်ရက်လျှင် စည်ပေါင်း ၃၁ ဒသမ၂ သန်းသာရှိမည်ဟု ခန့်မှန်းထားသည်။

အိုပက်၏ ရေနံဈေးနှုန်းသည် ဇွန်လအတွင်းက တစ်စည်လျှင် ၁၂၈ ဒေါ်လာဈေး ပေါက်သည်အထိ စံချိန်တင် မြင့်တက်သွားသည်။ ယင်းဈေးနှုန်းသည် မေလဈေးနှုန်းနှင့် နှိုင်းစာလျှင် ၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်သွားခြင်း ဖြစ်သည်။

အရှေ့အလယ်ပိုင်း ဒေသတွင် အခြေအနေများ တင်းမာလာခြင်း၊ ဘဏ္ဍာရေးဈေးကွက်တွင် မတည်ငြိမ်ခြင်းနှင့် မက္ကဆီကိုပင်လယ်ကွေ့တွင် မုန်တိုင်း ဖြစ်ပေါ်လာခြင်းတို့ကြောင့် ရေနံဈေး တက်ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒါဖာဒေသ၌ ပစ်ခတ်ခံရမှုကြောင့် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်သေဆုံး

ခါတွမ် ဇူလိုင် ၁၈

ဆူဒန်နိုင်ငံ အနောက်ပိုင်းရှိ ဒါဖာဒေသ၌ ပစ်ခတ်ခံရမှုကြောင့် ကုလသမဂ္ဂနှင့်အာဖရိကသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး ပူးပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း၊ ယင်းဖြစ်ပွားမှုမတိုင်မီ ရက်သတ္တပတ်ကလည်း ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ဇူလိုင် ၁၆ ရက်တွင် ပြောကြားသည်။

၎င်းသေဆုံးသူမှာ နိုင်ဂျီးရီးယားနိုင်ငံသားဖြစ်သည်။ ယင်းတိုက်ခိုက်မှုဖြစ်ပွားခြင်းကြောင့် ချဒ်နယ်စပ်ကို ပိတ်လိုက်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အိုဘားမားနှင့် မက်ကိန်း အီရတ်အရေးသဘောထားကွဲ

ဝါရှင်တန် ဇူလိုင် ၁၈

အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြမည့် ဘာရက်အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့သည် အင်္ဂါနေ့က အီရတ်နိုင်ငံဆိုင်ရာမူဝါဒအပေါ် သီးခြားစီ မိန့်ခွန်းပြော၍ အပြင်းအထန် စကားစစ်ထိုးကြသည်။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံကို အာရုံစိုက်ရန် လိုအပ်နေကြောင်းကိုမူ နှစ်ဦးစလုံးက သဘောတူကြသည်။

အဓိက

အိုဘားမားသည် ဝါရှင်တန်တွင် အဓိကနိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ ပြောကြားရာ၌ နိုင်ငံတကာ ဆက်ဆံရေးတွင် ဦးတည်ချက် ပြောင်းလဲရန်နှင့် အီရတ်နိုင်ငံအတွင်း အာရုံစိုက်ရာမှ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်သမားများကိုလည်း တိုက်ခိုက်ရန် တောင်းဆိုလိုက်သည်။

ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက အယ်လ်ဘူကွာကျူတွင် မိန့်ခွန်းပြောရာ၌ အာဖဂန်အခြေအနေများ ပိုမိုဆိုးရွားလာနေကြောင်း၊ အောင်မြင်မှုရရှိရန်အတွက် ပြီးပြည့်စုံသော မဟာဗျူဟာ တစ်ရပ်ချမှတ်ရန် တောင်းဆိုနေကြောင်း ပြောကြားသွားသည်။

ဂျော့ဒဗလျူဘုရှ်နှင့် မက်ကိန်းတို့တွင် အီရတ်အရေး၌ အောင်မြင်မှုရရှိရန် မဟာဗျူဟာမရှိကြောင်း၊ အီရတ်နိုင်ငံ၌ ဆက်လက်နေရေးအတွက်သာ မဟာဗျူဟာသာရှိကြောင်း အိုဘားမားက ပြောကြားသည်။

မထွက်ခွာနိုင်

၎င်းတို့သည် အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများ တိုးလာ၍ မထွက်ခွာနိုင်သေးကြောင်း ပြောကြားသည်။ ထို့အပြင် ၎င်းတို့သည် အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများ ကျဆင်းသွားသည့်တိုင်အောင် မထွက်ခွာနိုင်ကြောင်းလည်း ပြောဆိုသည်ဟု အိုဘားမားက ဝေဖန်တိုက်ခိုက်လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီတလီနိုင်ငံ ဂျီနိုအာမြို့၌ ကျင်းပသည့် စက်မှုနိုင်ငံများ အစည်းအဝေးကို ဆန္ဒပြကန့်ကွက်သူများအား ရဲတပ်ဖွဲ့က နှိမ်နင်းရာမှ ဒဏ်ရာရရှိသွားသူတစ်ဦးကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်း၌ကားဗုံးဖြင့်တိုက်ခိုက် မြို့တော်ဝန်အပါအဝင် ၁၆ ဦး သေဆုံး၊ ၉၄ ဦး ဒဏ်ရာရ

မိုဆူးလ် ဇူလိုင် ၁၈

အီရတ်နိုင်ငံမြောက်ပိုင်းရှိဈေးတစ်ခုတွင် ဇူလိုင် ၁၆ ရက် ည ၇နာရီခန့်က ကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ၁၆ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၉၄ ဦးထိ ရှိလာသည်။

ဒဏ်ရာရရှိ

မိုဆူးလ်မြို့အနောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာရှိ တယ်အက်ဖာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် မြို့တော်ဝန် နာဂျင်းအဗ္ဗဒူလာနှင့် အခြား ၁၃ ဦး သေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိသည်။ ယင်းပေါက်ကွဲမှုဖြစ်ပွားပြီး နာရီပိုင်းအကြာ မိုဆူးလ်မြို့တွင် ကားဗုံး ထပ်မံပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိသွားသည်။

ပေါက်ကွဲ

အဆိုပါ ပေါက်ကွဲမှုသည် သုံးလအတွင်း သေကျေဒဏ်ရာရရှိမှု အများဆုံး ပေါက်ကွဲမှုဖြစ်သည်။

ဒီယာလာပြည်နယ်တွင် ဧပြီလက ကားဗုံးပေါက်ကွဲမှုကြောင့် ၄၀ သေဆုံးပြီး ၇၀ ကျော် ဒဏ်ရာရရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တွင် အိတ်စ်ရောဂါကာကွယ်ဆေး စမ်းသပ်မှု မူလလျာထားချက်ထက် လျှော့ချဆောင်ရွက်မည်

ဝါရှင်တန် ဇူလိုင် ၁၈

အိတ်စ်ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်၍ အမေရိကန် အမျိုးသားကျန်းမာရေးဌာနက စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ထိုကာကွယ်ဆေးကို လူသားများအား အသုံးပြု၍ အကြီးစားစမ်းသပ်မှု ပြုလုပ်ရန် မူလကစီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် သာမန်သာပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

လျှော့ချ

မူလက စမ်းသပ်ရန် ပြုလုပ်ထားသော အစီအစဉ်ရဆိုလျှင် အိတ်စ်ကာကွယ်ဆေးကို စမ်းသပ်ရာ၌ လူပေါင်း၂၄၀၀ဖြင့် စမ်းသပ်သွားရန်ရှိသော်လည်း စမ်းသပ်မှုပမာဏ လျှော့ချသွားမည်ဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးဌာနက ပြောကြားသည်။

စမ်းသပ်ရာ၌ ရရှိလာသောရလဒ်သည် ကောင်းမွန်ပါက စမ်းသပ်မှုကို ထပ်မံတိုးချဲ့၍ ဆက်လက်စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေး အထိုးခံရသူ၏ သွေးအတွင်းသို့ ရောက်ရှိသွားသော ကာကွယ်ဆေး ပမာဏသည် ရောဂါပိုးကို တွန်းလှန်နိုင်လောက်အောင် လုံလောက်မှု ရှိ မရှိကိုသိရန် လိုအပ်မည် ဖြစ်သည်။

ယခုစမ်းသပ်မှု မတိုင်မီက အခြားကာကွယ်ဆေးတစ်မျိုး စမ်းသပ်မှုပြုလုပ်ခဲ့သည်။ သို့သော် ထိုစမ်းသပ်မှု၏ ရလဒ်ကို မကျေနပ်သဖြင့် ဆက်လက် စမ်းသပ်မှုမပြုဘဲ ရပ်ဆိုင်းထားခဲ့သည်။

အင်တာနက်။

အီဂျစ်တွင် ရထားနှင့်ကားတိုက် ၃၇ ဦးသေဆုံး၊ ၅၀ ဒဏ်ရာရရှိ

ကိုင်ရို ဇူလိုင် ၁၈

အီဂျစ်နိုင်ငံမြောက်ပိုင်းတွင် ရထားတစ်စင်းနှင့်မော်တော်ယာဉ်များ တိုက်မိသဖြင့် အနည်းဆုံး လူ ၃၇ ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၄၃၀ ခန့်အကွာရှိ မြေထဲပင်လယ်မြို့ မာဆာမထရော့အနီး ရထားလမ်းနှင့် ကားလမ်းဆုံရာတွင် ရထားနှင့် ကားများ တိုက်မိသွားခြင်းဖြစ်သည်ဟု သတင်းကဆိုသည်။ နိုင်ငံပိုင်သတင်းဌာန မီနာက သေဆုံးသူ ၃၇ ဦး ရှိကြောင်း အတည်ပြုသည်ဟု ဖော်ပြသည်။

ရထားတွဲနှစ်တွဲ မှောက်သွားပြီး အခြားတွဲနှစ်တွဲ လမ်းချော်သွားသည်။

ဒဏ်ရာရရှိသူ ၅၀ တွင် စိုးရိမ်ဖွယ်ရာအခြေအနေရှိသူများ ပါဝင်သဖြင့် သေဆုံးသူဦးရေ ပိုမိုလာဖွယ်ရာရှိသည်ဟု ရဲတပ်ဖွဲ့သတင်းက ထပ်မံဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်နိုင်ငံ မြေထဲပင်လယ်ကမ်းခြေဒေသရှိ မာဆာမထရော့မြို့တွင်ရထားနှင့်ကား တိုက်ပြီးနောက် အပျက်အစီးများကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနိုင်ငံနှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့ အကျဉ်းသားချင်း လဲလှယ်ရေး သဘောတူညီချက်အရ ဟစ်ဇ်ဘိုလာများအား လွှဲပြောင်းပေးရန် ခေါ်ဆောင်လာသည်ကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ချက်နိုင်ငံတွင် အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်ရေဒါထားရှိရေး ပြည်လုံးကျွတ်ဆန္ဒခံယူ၍ ဆုံးဖြတ်ပေးရန် ပြည်သူတစ်သိန်းကျော် တောင်းဆို

ပရာဟာ ဇူလိုင် ၁၈

ချက်နိုင်ငံတွင် အမေရိကန် ရေဒါစခန်းချထားရေးကိစ္စကိုအဆုံးအဖြတ်ပေးနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပေးရန် ပြည်သူ ၁၀၀၀၀၀ကျော်တို့က လက်မှတ်ရေးထိုး၍ တောင်းဆိုထားကြောင်း စစ်အခြေစိုက်စခန်းထားရှိရေး မလိုလားသူများအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မာတီနယ်လင်ဒါဂေါ့သ်က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

ဆန္ဒပြမည်

အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်ရေဒါထားရှိရေးကိစ္စကိုကန့်ကွက်သည့်အနေဖြင့် အထက်ပါအဖွဲ့သည် ပရာဟာမြို့ဝင်ဆက်စ်လာရင်ပြင်တွင် ယာယီတဲထိုး၍ တစ်လကြာအောင် ဆန္ဒပြကြမည်ဖြစ်ကြောင်းသိရသည်။

လက်မှတ်ရေးထိုး

အမေရိကန် ရေဒါစခန်းထားရှိရေးကိစ္စကို ချက်အစိုးရနှင့် အမေရိကန်အစိုးရတို့သည် ဇူလိုင်လ အစောပိုင်းက သဘောတူကြောင်း လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ သို့သော် ထိုစာချုပ် အတည်ဖြစ်လာရေးအတွက် လွှတ်တော်၏ အတည်ပြုချက်ရယူရန် ကျန်ရှိနေသေးသည်။

ချက်နှင့် အမေရိကန်အာဏာပိုင်များသည် ရေဒါစခန်းကို ချက်နိုင်ငံ ပရာဟာမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၉၀အကွာရှိ ဘရိုက်ဒ်စစ်နယ်မြေဒေသအတွင်း ချထားရန် အစီအစဉ်ရှိသည်ဟုဆိုသည်။

အင်တာနက်။

အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့အကြား အကျဉ်းသားများ လဲလှယ်ရေးအစီအစဉ် ဆက်လက်ဆောင်ရွက်

ဘေရွတ် ဇူလိုင် ၁၈

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အကျဉ်းသားများလဲလှယ်ရေး အစီအစဉ်ကို ဇူလိုင် ၁၆ရက်က စတင်ခဲ့ပြီး နောက်ဆက်တွဲအဖြစ် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ကျန်ရှိသော ပါလက်စတိုင်းနှင့် အာရပ်တိုက်ခိုက်ရေးသမား ၁၈၅ဦးတို့၏ ရုပ်ကြွင်းများကို နာကျူရာနယ်စပ်နေရာကို ဖြတ်၍ လက်ဘနွန်နိုင်ငံသို့ ရောက်ရှိလာကြောင်း ပြည်တွင်း အယ်လ်မာနာရုပ်သံက ဖော်ပြသည်။

၂၀၀၆ခုနှစ် ဇူလိုင် ၁၂ရက်က ဟစ်ဇ်ဘိုလာအဖွဲ့ ဖမ်းဆီးထားသော အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး၏ရုပ်အလောင်းကို ကုလသမဂ္ဂကြီးမှူးပြီး အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအကြားအကျဉ်းသား လဲလှယ်ရေး အစီအစဉ်အရ ဇူလိုင် ၁၆ရက်နံနက်ပိုင်းက စတင်လွှဲပြောင်းပေးခဲ့သည်။

မိသားစုသုံးဦးနှင့်ရဲတပ်ဖွဲ့ဝင်တစ်ဦးကိုသတ်ဖြတ်မှုဖြင့်၁၉၇၉ခုနှစ်ကတည်းက အစ္စရေးနိုင်ငံတွင် ထောင်ကျနေသည့်ဆာမီရာကင်တာနှင့်အတူ၂၀၀၆ခုနှစ်အတွင်းက အစ္စရေးနှင့်ဟစ်ဇ်ဘိုလာစစ်ပွဲ၌ ဖမ်းဆီးထားသော ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမား လေးဦးကိုလည်း အစ္စရေးက ပြန်လည်လွှတ်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်ရဲတပ်ဖွဲ့ ဆေးခြောက်သုံးတန်ဖမ်းမိ

လန်ဒန် ဇူလိုင် ၁၈

အင်္ဂလန်နိုင်ငံ အလယ်ပိုင်း ကွန်ဗင်ထရီဒေသတွင် ဆေးခြောက်သုံးတန်ကို ဗြိတိန်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိလိုက်ကြောင်း ဇွန် ၁၇ရက်တွင် ဘီဘီစီသတင်းဌာနက ကြေညာသွားသည်။

ကွန်ဗင်ထရီဒေသတွင် ဝင်ရောက်စီးနင်းစဉ် ပေါင်ငွေ ၉ ဒသမ ၅သန်းတန်ဖိုးရှိ ဆေးခြောက်များကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ထို့အပြင် ငွေသားပေါင် ၂၀၀၀၀ ခန့်နှင့်အတူ လူနှစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



အမေရိကန်နိုင်ငံ ဟူစတန်မြို့တွင် ကရိန်းပြိုကျမှုဖြစ်ပွားသည့် ရေနံချက်စက်ရုံကို ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ဟူစတန်မြို့၌ ကရိန်းပြိုကျ လေးဦးသေဆုံးပြီး၊ ခုနစ်ဦးဒဏ်ရာရ

ဟူစတန် ဇူလိုင် ၁၉

အမေရိကန်နိုင်ငံ ဟူစတန်မြို့ရှိ ရေနံချက်စက်ရုံတွင် ဆင်ထားသည့် ရွေ့လျားနိုင်သည့် ကရိန်းကြီးတစ်ခု ဇူလိုင် ၁၈ ရက်က ပြိုကျရာ လုပ်သားလေးဦးသေဆုံးသွားပြီးခုနစ်ဦးဒဏ်ရာရရှိသွားသည်။

အမေရိကန်တွင် ကရိန်းဝန်ချီစက်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာဆောက်လုပ်ရေးလုပ်ငန်းသုံးကရိန်းများ၏ လုံခြုံစိတ်ချရမှုအခြေအနေနှင့်လုပ်သားများ၏ ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ပူပန်မှုများဖြစ်ပေါ်လာစေသည်ဟုဆိုသည်။

အထက်ပါ မတော်တဆမှုသည် ဟူစတန်မြို့ အရှေ့တောင်ဘက်ရှိ လွိုင်ဒယ်လ်ဘာဆယ်လ် ရေနံချက်စက်ရုံတွင် မွန်းလွဲ ၂ နာရီက ဖြစ်ပွားခြင်းဖြစ်သည်။ ထိုကရိန်းမှာ အထပ် ၃၀အထိမြင့်သော အဆောက်အအုံတစ်မျှမြင့်မားပြီး အလေးချိန်ပေါင်တစ်သန်းရှိသောဝန်ကို သယ်ယူနိုင်ကြောင်း သိရသည်။

ယင်းမတော်တဆမှုတွင် ဒဏ်ရာရရှိသူသုံးဦးကိုအခင်းဖြစ်ပွားရာနေရာ၌ပင် ကုသပေးပြီး ပြန်လွှတ်လိုက်ကြောင်း မီးသတ်ဌာနမှ လက်ထောက်အကြီးအကဲ အိုမီရိုလောင်ဂိုရီးယားက ပြောကြားသည်။ ဒဏ်ရာပြင်းထန်သူနှစ်ဦးကို ရဟတ်ယာဉ်ဖြင့် တက္ကဆက်ဆေးပညာဗဟိုဌာန ဆေးရုံသို့ ခေါ်ဆောင်သွားပြီးကျန်ဒဏ်ရာရရှိသူနှစ်ဦးကိုမူ ဒေသခံဆေးရုံသို့ သူနာပြုယာဉ်ဖြင့်ပင် ခေါ်ဆောင်သွားသည်။

ထိုရွေ့လျားကရိန်းမှာဒိပ်တ်ဆောက်ကရိန်းကုမ္ပဏီက ပိုင်ဆိုင်သော ကရိန်းဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။

အင်တာနက်။

ကိုရီးယားခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်ရ

တိုကျို ဇူလိုင် ၁၈

ကိုရီးယား လေကြောင်းကုမ္ပဏီမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံမြောက်ဘက်စွန်းရှိဟော့ကိုင်းဒိုးကျွန်းလေဆိပ်၌ ဇူလိုင် ၁၇ရက်က အရေးပေါ် ဆင်းသက်ခဲ့ရသည်။ သို့သော် ဒဏ်ရာရရှိသူတစ်ဦးမျှ မရှိကြောင်းသိရသည်။ အဆိုပါလေယာဉ်သည်မြူများအုံ့ဆိုင်းနေမှုကြောင့်နယူးယောက်မြို့သို့ဦးတည်ပျံသန်းရာမှလမ်းကြောင်းပြောင်းကာရှင်ချီတိုစီလေဆိပ်သို့ဆင်းသက်လိုက်ခြင်းဖြစ်သည်။

ယင်းဘိုးရင်း ၇၄၇-၄၀၀လေယာဉ်ပေါ်တွင် ခရီးသည် ၃၂၂ဦးလိုက်ပါလာကြောင်း ဆိုးလ်မြို့ရှိ ကိုရီးယားလေကြောင်းလိုင်း၏ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၄၁၂၄ ဦးရှိ

ဝါရှင်တန် ဇူလိုင် ၁၈

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသော ၂၀၀၃ ခုနှစ် မတ်လမှ ယနေ့အထိကာလအတွင်းအီရတ်နိုင်ငံ၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် အနည်းဆုံး ၄၁၂၄ ဦးရှိပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းများအရသိရသည်။

ထိုသေဆုံးမှုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်းသေဆုံးသွားသော အရပ်သား ဝန်ထမ်းရှစ်ဦး၏ စာရင်းလည်းပါဝင်သည်။ ဖော်ပြပါ သေဆုံးသူများအနက် အနည်းဆုံး ၃၃၆၀ သည် ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးကြရသူများဖြစ်သည်။ အေပီသတင်းဌာန၏ သေဆုံးမှုစာရင်းသည် စစ်ဘက်ဌာန၏ ဇူလိုင် ၁၈ ရက် စာရင်းများနှင့် ကိုက်ညီမှုရှိသည်ဟုဆိုသည်။

အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးရမှုစာရင်းတွင် ဗြိတိန်တပ်ဖွဲ့မှ ၁၇၆ ဦး၊အီတလီတပ်ဖွဲ့ဝင် ၃၃ဦး၊ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ စလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်း၊ ရိုမေနီးယား နှစ်ဦးစီနှင့် သြစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့်တောင်ကိုရီးယားတို့မှတပ်ဖွဲ့ဝင်တစ်ဦးစီအသီးသီးသေဆုံးကြောင်းသိရသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်၌ တာလီဘန်ခေါင်းဆောင်သေဆုံး

ကဘူးလ် ဇူလိုင် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ် နောင်ဇတ်ခရိုင်တွင် အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့နှင့် နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တို့၏ ပူးပေါင်းစစ်ဆင်ရေးပြုလုပ်ရာ တာလီဘန်စစ်သွေးကြွခေါင်းဆောင်တစ်ဦး သေဆုံးကြောင်း ကြာသပတေးနေ့တွင် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့က ပြောကြားသည်။

မူလာဘစ်မူလာအက်ခန်းဒ်သည် ဟဲလ်မန့်ပြည်နယ်မြောက်ပိုင်းတွင် အရပ်သားများနှင့် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့များသေဆုံးရခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသော တာလီဘန်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ၎င်းတပ်ဖွဲ့က ဖော်ပြသည်။ ဘစ်မူလာသည် ဇူလိုင် ၁၂ ရက် စစ်ဆင်ရေးအတွင်းက သေဆုံးခဲ့သောတာလီဘန်ခေါင်းဆောင်မူလာရာဟင်နှင့်လုပ်ဖော်ကိုင်ဖက်လည်းဖြစ်သည်။

တာလီဘန်စစ်သွေးကြွများ ဦးဆောင်ပြီး အသေခံဗုံးများနှင့် အလစ်ဝင်ရောက်တိုက်ခိုက်မှုများ တိုးမြင့်လာလျက်ရှိသော အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံခြားတပ်ဖွဲ့အင်အား ၇၀၀၀၀ကို တပ်ဖြန့်ချထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း တာလီဘန်စစ်သွေးကြွများ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အရပ်သား ၇၀၀ ကျော် အပါအဝင် လူ ၂၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံတောင်ပိုင်းဒေသတွင် ကာမီလ်ဂီတိုက်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးကာ ဒုက္ခရောက်ရသူများအား ကယ်ဆယ်ရေးအဖွဲ့သားများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည်ကို ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ လွမ်းသူ့ပန်းခွေချ အလေးပြု

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့အမျှပေးဝေခြင်းများ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် နံနက် ၈ နာရီတွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး အာဇာနည်ဗိမာန်ရင်ပြင်ပေါ်၌ နေရာယူသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ယင်းအချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့ အမျှပေးဝေပြီး နှစ်မိနစ်ငြိမ်သက်စွာနေခြင်းတို့ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧